## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၀/၂၀၁၄)

| | |
|---|---|
| စိုင်းယုမောင်(စက်ရုံလုပ်သား Helper(1)) အမှတ်(၅၄၆)၊ယုဇနလမ်း၊အမှတ်(၇)ရပ်ကွက် လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |
| နှင့် | |
| ဦးကြည်စိုး(ပိုင်ရှင်) မြန်မာမေဆမ်းကုမ္ပဏီ(Good Morning ပေါင်မုန့်) အမှတ်(၁)၊ဗိုလ်အောင်ကျော်လမ်း၊စက်မှုဇုန်(၄) လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

### ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁)ရှိ မြန်မာမေဆမ်းကုမ္ပဏီပိုင်ရှင် ဦးကြည်စိုး နှင့် အလုပ်သမား စိုင်းယုမောင် တို့ ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၅၃/၂၀၁၄)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ နှင့် တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ပြန်လည်ရရှိလိုကြောင်း တောင်းဆိုခြင်းမှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူမှ အောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်မှထုတ်ပယ်သည့်ကိစ္စအားညှိနှိုင်းဖြေရှင်းပေးပါရန်။

ဆုံးဖြတ်ချက်အမှတ်(၁)။ အလုပ်ရှင်မှ အလုပ်သမားအား နောက်ဆုံးထုတ်လစာ (အချိန်ပိုမပါ) ဖြင့် အလုပ်ထုတ်နစ်နာကြေး အောက်ပါအတိုင်း ပေးရန် ဆုံးဖြတ် သည်။

| စဉ် | အမည် | နှုတ်စကြေး | အလုပ်ထုတ် နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁ | စိုင်းယုမောင် | ၁၂၅၀၀၀ိ/- (ကျပ်တစ်သိန်း နှစ်သောင်း ငါးထောင်တိတိ/) | ၁၂၅၀၀၀ိ/- ×၄=၅၀၀၀၀၀ိ/- (ကျပ်ငါးသိန်းတိတိ/) | ၆၂၅၀၀၀ိ/- (ကျပ်ခြောက်သိန်း နှစ်သောင်း ငါးထောင်တိတိ/-) |

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၅၃/၂၀၁၄)ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် အလုပ်သမား စိုင်းယုမောင် မှ(၂၆-၉-၂၀၁၄) ရက်နေ့တွင် ခုံသမာဓိကောင်စီသို့လျှောက်ထားလာသဖြင့် အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၃၀/၂၀၁၄) အား ကြားနာစစ်ဆေးမည့်ခုံအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းတာဝန်ပေးအပ်ပါသည်။

| စဉ် | အမည် | |
|---|---|---|
| ၁။ | ဦးအောင်စံတင် | ဥက္ကဋ္ဌ |
| ၂။ | ဦးထွန်းအောင် | အဖွဲ့ဝင် |
| ၃။ | ဦးနေမင်း | အဖွဲ့ဝင် |

၆။ ဤခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် ၇-၁၀-၂၀၁၄ ရက်နေ့တွင် စုံညီရုံးထိုင်၍ တောင်းဆိုသူ နှင့် တောင်းဆိုခြင်းခံရသူများ၏ နှစ်ဘက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသော စာရွက်စာတမ်းအထောက်အထားများ၊ စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့လျှောက်ထားခြင်းဖြစ်သည်။

သုံးသပ်ချက်အမှတ်(၁)။ ။ (က) အလုပ်သမား စိုင်းယုမောင်အား မြန်မာမေဆမ်းကုမ္ပဏီ (Good Morning ပေါင်မုန့်) ပိုင်ရှင် ဦးကြည်စိုးမှ မုန့်လုပ်ငန်းတွင် နစ်နာမှု ၊ လုပ်ငန်းခွင်တွင်စည်းကမ်းမလိုက်နာမှုကိစ္စ နှင့် လုပ်ဖော်ကိုင်ဘက်များကဌင်းအား အလုပ်တွင်အတူတွဲဖက် မလုပ်နိုင်ကြောင်း စာတင်မှုကြောင့် အလုပ်ထုတ်ရခြင်းဖြစ်ကြောင်း၊ အလုပ်သမားမှလည်း အလုပ်သမားအဖွဲ့ အစည်းပေါ်ပေါက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှလည်း အလုပ်ရှင်/ အလုပ်သမားတို့၏ ဆန္ဒသဘောထားကို ပြည့်စုံစွာ စစ်ဆေးထားသည်ကိုတွေ့ရှိရပြီး ၊ သက်ဆိုင်ရာလုပ်ငန်းဌာနဦးလည်း အလုပ်သမားဥပဒေ နှင့် အညီအလုပ်သမားအဖွဲ့အစည်းပေါ်ပေါက် နေသည်ကိုတွေ့ရှိရသည်။

(ခ) ခုံသမာဓိကောင်စီ ခုံအဖွဲ့မှ အလုပ်ရှင်/ အလုပ်သမားတို့ အားတွေ့ဆုံစစ်ဆေးရာတွင် အလုပ်ရှင်မှ ဝန်ထမ်းအလုပ်သမားအား လုပ်ငန်းခွင် စည်းကမ်း ဖောက်ဖျက်မှုနှင့် ပတ်သက်၍ အရေးယူရာ တွင် ပထမအကြိမ်နှုတ်ဖြင့် သတိပေးခြင်း၊ ဒုတိယအကြိမ်စာဖြင့် သတိပေးခြင်း၊ နောက်ဆုံးအကြိမ် ဝန်ခံကတိချုပ်ဆိုခြင်းဖြင့်သတိပေး ခံရပြီးနောက်ပိုင်းတွင် လုပ်ငန်းခွင်စည်းကမ်းများ ထပ်မံချိုးဖောက် ခြင်းများကျူးလွန်ပါက အလုပ်ထုတ်နစ်နာကြေးမပေးဘဲ ထုတ်ပယ် သင့်ပါသည်။ ယင်းသို့ကျူးလွန်ခြင်းမရှိဘဲ အလုပ်ထုတ်ခံရပါက အလုပ်ထုတ်နစ်နာကြေးပေးသင့်ကြောင်း သုံးသပ်ပါသည်။

(ဂ) ခုံသမာဓိကောင်စီသို့ အလုပ်သမားစိုင်းယုမောင် ၏လျှောက် ထားချက်နှင့်ပတ်သက်၍ ခုံအဖွဲ့က အလုပ်ရှင်/အလုပ်သမားတို့၏ ထွက်ဆိုချက်များကို လေ့လာစိစစ်သည့်အခါ တင်ပြချက်ဖြစ်စဉ်များ သည် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန်မရှိဘဲ အတည်ပြုသင့်ကြောင်း သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅၃/၂၀၁၄) နှင့်စပ်လျဉ်းသည့်(၁၇-၉-၂၀၁၄)ရက်စွဲပါ ဆုံးဖြတ်ချက် ကိုအတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့အရကောက်ခံရမည်။

| | | |
|---|---|---|
| ၉/၁၀/၂၀၁၄ | | |
| ဦးထွန်းအောင် | ဦးအောင်စံတင် | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |